# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 18 , 2025 — Volume 96 , Number 10


၁၈-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၄.၅၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၂၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၃.၇၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၃၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၄.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၄ ကျပ် |

## Rice Export Zone များအတွက် ချေးငွေ ၄ သိန်းခွဲအပြင် မူဝါဒများ ပြင်ဆင်ညှိနှိုင်းနေ



၂၀၂၆ ခုနှစ်နွေစပါးရာသီအမီ Rice Export Zone များတွင် ဧရိယာဧက ၃ သိန်းကျော် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံက သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRT) တို့အကြား ညှိနှိုင်းဆွေးနွေးမှုအရ Rice Export Zone ၏ တစ်ကွင်းတစ်စပ်တည်း သတ်မှတ်ဧရိယာကို အနည်းဆုံး ဧက ၃၀၀ သတ်မှတ်ရာမှနွေစပါးတွင်တစ်ကွင်းတစ်စပ်တည်း ဧရိယာ အနည်းဆုံးဧက ၅၀ လျှော့ချသတ်မှတ်ပေးရန်၊ Rice Export Zone နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံချက်ဖြင့်ဆောင်ရွက်သည့်ဧရိယာများကို သီးခြားစီဆောင်ရွက်ရန်တို့ကို အဓိကပြန်လည်ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ပြီးခဲ့သည့် နိုဝင်ဘာလ ၁၁ ရက် တွင် MRF ကစိုက်ပျိုးရေးဦးစီးဌာနသို့ပြန်လည်ပေးပို့တင်ပြခဲ့ကြောင်းသိရသည်။

အလားတူ ငွေကြေးမူဝါဒကို နိုင်ငံတော်အစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ Rice Export Zone တစ်ဧကလျှင် အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ကျပ် (၂ ဒသမ ၅)သိန်း ချေးငွေရရှိရေးတို့ကို စီမံဆောင်ရွက် ပေးရန်နှင့် ပို့ကုန်ကုမ္ပဏီများမှ Rice Export Zone တစ်ဧကလျှင်ကျပ် ၂ သိန်းနှုန်းထည့်ဝင်ပြီး တောင်သူအားစုစုပေါင်းတစ်ဧကလျှင် ကျပ်(၄ ဒသမ ၅) သိန်းစိုက်ပျိုးစရိတ်စီစဉ်ဆောင်ရွက်ပေးရန်လည်း ပြင်ဆင်ဖြည့်စွက်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အနေဖြင့် လုပ်ငန်းစီမံချက်များ ရေးဆွဲညှိနှိုင်းပြင်ဆင်ခြင်းများဆောင်ရွက်စဉ်ကာလအတွင်း၌ Rice Export


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

Zone ဆောင်ရွက်မည့်ကုမ္ပဏီ များကိုရွေးချယ်ခြင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဇရိယာများ အပေါ် အခြေခံလျက်လည်းကောင်း၊ Exportတင်ပို့သည့်ပမာဏများ အပေါ်အခြေခံလျက်လည်းကောင်း ဇရိယာဧကများ လျာထားခြင်း၊ အချို့ကုမ္ပဏီများမှာသက်ဆိုင်ရာဒေသများသို့စတင်ကွင်းဆင်းခြင်းများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"Rice Export Zone စီမံချက်ကို ၂၀၂၅ ခုနှစ် နွေစပါးရာသီအမီ စတင်နိုင်ဖို့ကြိုးပမ်း ဆောင်ရွက်လျက်ရှိသော်လည်း မူလ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဇရိယာတွေနဲ့မထပ်စေဖို့ လုပ်ငန်းလမ်းညွှန်မှုတွေ၊ နိုင်ငံတော်သို့ဘတ်ဂျက်အသစ် ထပ်မံရေးဆွဲ တင်ပြပြီး ခွင့်ပြုမှုစောင့်ဆိုင်းနေတာတွေ၊ လုပ်ငန်း စီမံချက် အတည်ပြုခြင်းအပေါ် စောင့်ဆိုင်းနေရတဲ့ ကုမ္ပဏီတွေက ကွင်းဆင်း စည်းရုံးဆောင်ရွက်မှုတွေမှာ လိုအပ်ချက်ရှိနေတာကိုစိစစ်တွေ့ရှိရတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဦးရဲမင်းအောင်က ပြောသည်။

ထို့ကြောင့် မူဝါဒများညှိနှိုင်းပြီးပြတ်သည် နှင့် ၂၀၂၆ ခုနှစ်နွေစပါးရာသီအမီ Rice Export Zone များကို လျာထားချက် ပါ ဇရိယာဧကများအထိ ပြည့်မီစွာစိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏အချက် အလက်များအရသိရသည်။

Rice Export Zone များကို မြို့နယ် ၁၀၀ခန့်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီမှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဩဂုတ်လ ၂၈ ရက်က Rice Export Zone များဖော်ဆောင်ရေးဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များနှင့် နိုင်ငံတကာသို့ ဆန်၊ ဆန်ကွဲ တင်ပို့နိုင်မည့်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်းသိရသည်။

နိုင်ငံတကာဈေးကွက်၌ ဆန်ဈေးနှုန်းများ အလွန်ကျဆင်းနေချိန်တွင် Exporter များမှ Zone အတွင်း ပါဝင်သည့် စပါးစိုက် တောင်သူများထံမှ သင့်တင့်မျှတသောစပါးဈေးနှုန်းများဖြင့် ဝယ်ယူပေးခြင်းကြောင့် တောင်သူလယ်သမားအတွက် အရည် အသွေးပြည့်မီသည့် Export ဆန်စပါးများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ



၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမ နေ့ကို နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည် များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိ ရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း အချောထည်အတွဲများ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲ များ၊ ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများနှင့် ကျောက်မျက်ရိုင်း အတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်း ကြသည်။

ယခုပြပွဲကို နိုဝင်ဘာလ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲစုစုပေါင်း (၅၀၈၅) တွဲ၊ ကျောက်မျက်ရိုင်းအတွဲ(၁၃)တွဲနှင့် ကျောက်မျက်လက်ဝတ်ရတနာအတွဲ(၁၄၇) တွဲ စုစုပေါင်းအတွဲ(၁၆၀)နှင့်ပုလဲအတွဲ (၄၈၉) တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင်အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံ

သည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ကျောက်မျက်အတွဲများ အားလုံးကို နိုဝင်ဘာလ ၂၀ ရက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ငွေအမျိုးအစား သတ်မှတ်မှုအနေဖြင့် ကြမ်းခင်းဈေးအား အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားပြီး ငွေပေးချေမှုအတွက်ပြည်ပရတနာကုန်သည်များအနေဖြင့်နိုင်ငံခြားငွေ၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ ( သို့မဟုတ် )မြန်မာကျပ်ငွေကို အသုံးပြုနိုင်မည်ဖြစ်သည်။

ကျောက်ရည်၊ ကျောက်သွေးကောင်းမွန်မှု၊ လက်ဝတ်အချောထည် ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်မှုနှင့် တန်ဖိုးဈေးနှုန်းရရှိနိုင်မှု စသည့်အခြေအနေများ အပေါ်အခြေခံပြီး အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း (၅၀၈၅)တွဲကို နိုဝင်ဘာလ ၂၁ ရက်မှ ၂၆ ရက်အထိရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပရတနာကုန်သည်အားလုံးအနေဖြင့် အုပ်စုသုံးခုစလုံးကို ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ အတွဲများအတွက် ငွေအမျိုးအစားသတ်မှတ်မှုအနေဖြင့် အုပ်စု(အေ) နှင့် အုပ်စု(ဘီ) တို့အတွက် အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ အုပ်စု(စီ)အတွက် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်ခြင်းကြောင့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း သတ်မှတ်ထားပြီး ငွေပေးချေမှုပြုလုပ်ရာတွင် ပြည်ပရတနာကုန်သည်များ အနေဖြင့် နိုင်ငံခြားငွေကိုသာ သုံးစွဲရမည်ဖြစ်ပြီး ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေဖြင့် ပေးချေရမည်ဖြစ်ကာ အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ (သို့မဟုတ် )မြန်မာကျပ်ငွေ၊ အုပ်စု(စီ)အတွက် မြန်မာကျပ်ငွေကို သုံးစွဲနိုင်မည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့်လက်ဝတ် ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာများရောင်းချနိုင်ခြင်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအမြောက်အမြား ရှာဖွေပေးနိုင်သကဲ့သို့ နိုင်ငံသားများအတွက်လည်း စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရနိုင်စေခဲ့ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း အထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက်စီးပွားအကျိုးဖြစ်ထွန်းစေမည့် ကျောက်မျက်ရတနာပြပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြန်လည်အစားထိုးမရနိုင်သည့် သယံဇာတများ ဖြစ်သည့် ကျောက်မျက်ရတနာများနှင့် မြန်မာ့မြေအလုတရားကို ရှင်သန်တည်တံ့စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/n

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၀-၁၁-၂၀၂၅ မှ ၁၃-၁၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၆၁၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၈၈၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၆၁၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၆,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၆,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၈,၀၀၀ ဈေး ကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး(တန်ချိန် ၆၀၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၈,၅၀၀ ၊ ဆင်ဖြူကွန်း (ပု) ကျပ် ၃၁,၀၀၀၊ ပျော်ဘွယ်မိုးထောင် ကျပ် ၁၃,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၃၀,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပျော်ဘွယ်မိုးထောင် ကျပ် ၁,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၀၀ (၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး များဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၆၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၄၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၈၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့် သကြားများဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၀-၁၁-၂၀၂၅ မှ ၁၃-၁၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၅၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၃၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၉၀၀ ၊ ဆိပ်ဖြူ လတ်ချော ကျပ် ၅၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၇၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၃၅၀ ၊ မုံရွာလတ်သန့် ကျပ် ၉၅၀ နှင့် မုံရွာလတ်ချော ကျပ် ၅၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၅ စီး(၅၁၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၅ စီး (၆၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂၀ စီး(၁၂၀,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ

ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၃၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၂၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၂၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်းထူး-၃ ကျပ် ၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၆၀၀ (၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၀၀၀ (၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၄၀၀ (၁၂,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၅၀၀၀၊ အောင်ပန်း S1 ကျပ် ၅၅၀၀၊ အောင်ပန်း S2 ကျပ် ၆၃၀၀ နှင့် တရုတ်အာလူး ကျပ် ၇၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃ စီး(၇၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၁၇ စီး( ၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ကားစီးရေ ၄ စီး( ၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဆောင်းပဲကြီးများ စတင်စိုက်ပျိုး



မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင်အတွင်းရှိမြစ်သားမြို့နယ်တွင် ပဲမျိုးစုံသီးနှံဖြစ်သည့် တိုင်ထောင်ပဲ၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံသီးနှံများအပြင်၊ ပဲကြီးသီးနှံကိုလည်း စိုက်ပျိုးလာကြသည်။

နိုဝင်ဘာလဆန်းမှစတင်၍ ပဲကြီးသီးနှံများ စတင်စိုက်ပျိုးလျက်ရှိသည်။ အများဆုံး စိုက်ပျိုးသောရွာများမှာ ရိုးကန်၊ရစ်ကန် ၊တောင်တွင်းရွာ များတွင် အများဆုံး စိုက်ပျိုးကြသည်။

စိုက်ပျိုးပြီး ၄ လ အကြာတွင်ထွက်ရှိမည် ဖြစ်ကြောင်း၊ ပဲကြီးစိုက်ပျိုးရာတွင် မျိုးအနေဖြင့် (၄-၅)ပြည်ခန့် ကုန်ကျကြောင်း၊ တစ်ဧကကုန်ကျစရိတ် အနေဖြင့်မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ၂၅၀,၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း၊ ပဲကြီးသီးနှံကို ထယ်ထိုးပြီး မျိုးစေ့ပက်၊ ထယ်ဖုံးစနစ်ဖြင့် စိုက်ပျိုးကြသည်။

အများဆုံး စိုက်ပျိုးသောမျိုးများမှာ ပင်ထောင်မျိုးနှင့် ပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်ပဲကြီး ပေါ်ချိန်တွင် အထွက်နှုန်း အနေဖြင့် ၁၀-၁၂ တင်းထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ်ပဲကြီး ဈေးနှုန်း အနေဖြင့် တစ်တင်း ၉၀,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ကြောင်း၊ကုန်ကျစရိတ်နုတ်ပြီးပါက ၇၀၀,၀၀၀ကျပ်မြတ်ခဲ့ကြောင်းယခုလက်ရှိ ပဲကြီးပေါက်ဈေးအနေဖြင့် တစ်တင်း လျှင် ၁၁၀,၀၀၀ ကျပ်ခန့် ရောင်းဝယ်လျက်ရှိကြောင်း၊ ပဲကြီးသီးနှံပေါ်ချိန်တွင်တောင်သူများမှ မြို့ပေါ်ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ ရောင်းချကြကြောင်း၊ ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ပဲစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများအနေဖြင့် သွေးတွင်းသကြားဓာတ်ကျဆင်းစေပြီး အရိုးတွေသန်မာစေခြင်း၊ ဆံသား ကျန်းမာစေနိုင်သောကြောင့် ပဲကြီးကိုစားသုံးသင့်ကြောင်း၊ စိုက်ပျိုးစရိတ်သက်သာ၍ စီးပွားဖြစ် ဝင်ငွေတိုးပြီး ဈေးကွက်ဝယ်လိုအားရှိသော ပဲကြီးသီးနှံကို တောင်သူများ တိုးချဲ့စိုက်ပျိုးနေကြောင်း သိရသည်။

**Source : DOCA(**မန္တလေး)

https://www.doca.gov.mm/

## အမေရိကန်မှ တိရစ္ဆာန်အစာ ပြောင်းတန်ချိန် ၁ သန်းတင်သွင်းရန် ထိုင်းနိုင်ငံအစိုးရအဖွဲ့က ခွင့်ပြုခဲ့

ထိုင်းနှင့် အမေရိကန်တို့ကြား သဘောတူညီချက်အရ သွင်းကုန်အကောက်ခွန်ကို ဖယ်ရှား၍ လက်ရှိ တစ်နှစ်လျှင် တန်ချိန် ၅၄, ၇၀၀ မှ တန်ချိန် ၁ သန်းအထိ တိရစ္ဆာန်အစာပြောင်းတင်သွင်းခွင့် ခွဲတမ်းကို ထိုင်းနိုင်ငံအစိုးရအဖွဲ့က အတည်ပြုခဲ့ ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “Huge uptick in feed corn imports” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ကုန်သွယ်ရေးသဘောတူညီချက်အရ တိရစ္ဆာန်အစာပြောင်း သွင်းကုန်ခွဲတမ်းကို ၂၀၂၆ ခုနှစ်တွင် တိုးမြှင့်ရန် အစိုးရအဖွဲ့မှ သဘောတူညီခဲ့ကြောင်း၊ ပြည်တွင်းပြောင်းစိုက်တောင်သူများ ထိခိုက်နစ်နာမှု မဖြစ်စေရန် အဆိုပါသွင်းကုန်များကို ပြည်တွင်း ရိတ်သိမ်းပြောင်းများ ဈေးကွက်အတွင်းသို့ မဝင်ရောက်မီ ၂ လအကြိုဖြစ်သော နှစ်စဉ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ တင်သွင်းရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြောင်းဈေးနှုန်းများတည်ငြိမ်စေရန်အတွက် တင်သွင်းသူများသည် အဆိုပါခွဲတမ်းကို အသုံးပြု၍ တင်သွင်းသည့် အပိုင်းတစ်ခုချင်းစီတိုင်းအတွက် ပြည်တွင်းထုတ်ပြောင်းသုံးပိုင်းကို ပြန်လည်ဝယ်ယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူများ ဈေးကွက်သို့ ပြောင်းတင်ပို့ရောင်းချမှု နှောင့်နှေးစေရန်အတွက် အစိုးရမှ ချေးငွေအစီအမံများကို အတည် ပြုခဲ့ကြောင်း အစိုးရအဖွဲ့အပတ်စဉ်အစည်းအဝေးအပြီးတွင် အစိုးရပြောရေးဆိုခွင့်ရှိသူ Siripong Angkasakulkiat က ပြောကြား ခဲ့သည်။

မွေးမြူရေးနှင့်တိရစ္ဆာန်အစာလုပ်ငန်းအတွက် လုံလောက်သော ကုန်ကြမ်းသေချာစေရန် အစားအသောက်မူဝါဒကော်မတီမှ အဆိုပြုထားသည့် ၂၀၂၆-၂၀၂၈ခုနှစ်အတွက် တိရစ္ဆာန်အစာကုန်ကြမ်းတင်သွင်းမှုအစီအမံကိုလည်း အစိုးရအဖွဲ့မှ အတည်ပြုခဲ့ ကြောင်း၊ ထိုင်းနိုင်ငံ၌ ပဲပုပ်အစာနှင့် ငါးအစာထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်တွင် မလုံလောက်သေးကြောင်း၊ တိရစ္ဆာန် အစာကုန်ကြမ်းဖြစ်သော ပဲပုပ်အစာကိုသုံးနှစ်ကာလ (၂၀၂၆-၂၀၂၈)ဝယ်ယူရန်လည်း ခွင့်ပြုခဲ့ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၏စည်းမျဉ်းအရသွင်းကုန်ခွန်နှုန်းမှာ ၂ ရာခိုင်နှုန်းဖြစ်ပြီးအာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေစာချုပ်အရသုညရာခိုင်နှုန်း နှင့် သဘောတူညီချက်မဟုတ်သော နိုင်ငံများအတွက် နှုန်းထားမှာ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သွင်းကုန် အခကြေးငွေမှာ ၁ တန် လျှင် ၂,၅၁၉ ဘတ်ဖြစ်ပြီး Thai Feed Mill Association နှင့် Poultry and Swine Raisers Association ကဲ့သို့သော သွင်းကုန် လုပ်ငန်းရှင် ၁၁ ဦးကို တင်သွင်းခွင့်ပြုထားကြောင်း အစိုးရ၏ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Airin Phanrit က ဖြည့်စွက် ပြောကြားခဲ့သည်။

ငါးအစာအတွက် ပရိုတင်းဓာတ်ပါဝင်မှု ၆၀ ရာခိုင်နှုန်းအောက်ရှိသောကုန်ပစ္စည်းများတင်သွင်းရာတွင် ကြိုတင်ခွင့်ပြုချက် လိုအပ်ပြီး ၆၀ ရာခိုင်နှုန်းနှင့်အထက် ပရိုတင်းပါဝင်မှုရှိသည့်ငါးအစာများအတွက် ကန့်သတ်ချက်မရှိဘဲတင်သွင်းနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များအောက်တွင်အကောက်ခွန်နှုန်းထားများမှာ သုညမှ ၅ ရာခိုင်နှုန်း ရှိပြီး သဘောတူညီချက်မဟုတ်သော နိုင်ငံများအတွက် အမြင့်ဆုံးနှုန်းမှာ ၁၅ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနက လျှပ်စစ်မော်တော်ယာဉ်(EV)ဘက်ထရီ ပြန်လည်အသုံးပြုခြင်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိ

စွန့်ပစ်ထားသော ဘက်ထရီများ မြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် EV ဘက်ထရီထုတ်လုပ်မှုနှင့် ထောက်ပံ့ ရေးကွင်းဆက်ကို တိုးမြှင့်လာစေရန်အတွက် စက်မှုဝန်ကြီးဌာနက လျှပ်စစ်ကား(EV)ဘက်ထရီပြန်လည်အသုံးပြုခြင်းတွင် ရင်းနှီး မြှုပ်နှံမှုပြုလုပ်ရန်တောင်းဆိုထားကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “Ministry seeks to attract EV battery recycling investments” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် ပြည်တွင်းဘက်ထရီပြန်လည်အသုံးပြုသည့် စက်ရုံမရှိဘဲ အသုံးပြုထားသည့် ဘက်ထရီများကို ပြုပြင်ရန် ပြည်ပသို့ တင်ပို့နေရကြောင်း၊ သက်တမ်းလွန်ဘက်ထရီများ တိုးပွားလာသောပမာဏကို ကိုင်တွယ်ရန်နှင့် EV ထောက်ပံ့ရေးကွင်းဆက်ကို အားကောင်းစေရန် ပြန်လည်အသုံးပြုသည့်စက်ရုံကို တည်ထောင်လိုကြောင်း၊ ထိုင်းနိုင်ငံသည့် EV တပ်ဆင်ခြင်းကို မြှင့်တင်လျက်ရှိပြီး EV များအတွက် ဒေသဆိုင်ရာအချက်အချာဖြစ်လာရန် ရည်မှန်းထားသော်လည်း ဘက်ထရီများပြန်လည်အသုံးပြုသည့် အခြေခံအဆောက်အဦများကို ပံ့ပိုးပေးရန် မူဝါဒမရှိသေးကြောင်း၊ ဝန်ကြီးဌာနသည် တရုတ် EV ထုတ်လုပ်သူ Aion Automobile Sales(Thailand)တွင် အသစ်ခန့်အပ်ထားသော အထွေထွေမန်နေဂျာ Wang Haoyong နှင့် မကြာသေးမီက အဆိုပါကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုကိုအားပေးရန် ဆွေးနွေးခဲ့ကြောင်း စက်မှုဝန်ကြီး Thanakorn Wangboonkongchana က ပြောကြားခဲ့သည်။

ဆွေးနွေးမှုများအတွင်း Aion မှ အစိုးရအနေဖြင့် အခွန်ဖြတ်တောက်မှုများနှင့် ပြည်တွင်းတပ်ဆင်ရင်းနှီးမြှုပ်နှံမှုများနှင့် ဆက်စပ်နေသည့် EV မက်လုံးပေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်တိုက်တွန်းခဲ့ကြောင်း၊ ပြည်တွင်းကားရောင်းအားကို လှုံ့ဆော်ရန် အပိုထပ်ဆောင်းအစီအမံများပြုလုပ်ရန်လည်း ပါဝင်ကြောင်း၊ ထိုင်းနိုင်ငံသည် သုံးစွဲမှုနှင့် ထုတ်လုပ်မှုကို တိုးမြှင့်ရန် ရည်ရွယ်ခဲ့သည့် EV3.0 (၂၀၂၂-၂၀၂၄)နှင့် ယင်းကဏ္ဍတိုးတက်မှုအရှိန်ကို မြှင့်တင်ရန် အာရုံစိုက်ထားသည့် EV3.5 (၂၀၂၄-၂၀၂၇) တို့ကိုကြေညာခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်လတွင် ဗန်ကောက်၌ ကျင်းပရန်စီစဉ်ထားသော ၄၂ ကြိမ်မြောက် မော်တော် ဆိုင်ကယ်ကုန်စည်ပြပွဲသည် အတွင်းပိုင်းလောင်ကျွမ်းမှု အင်ဂျင်ပါဝါသုံး မော်တော်ယာဉ်များနှင့် ဘက်ထရီ EV(BEVs) နှစ်မျိုးလုံး ရောင်းချနိုင်မည်ဟုမျှော်လင့်ရကြောင်း၊ ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် (FTI)၏အဆိုအရ BEV များသည် ပြည်တွင်းကား ရောင်းအားတိုးတက်မှုကို တွန်းအားပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ရောင်းအားအစီးရေ ၆၀၀,၀၀၀ ထိရောက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

BEV ရောင်းချမှုသည် ၁၀၀,၀၀၀ စီးအထိ တိုးလာမည်ဟု ခန့်မှန်းထားခဲ့ပြီး BEV ထုတ်လုပ်သူများက နည်းပညာသစ်များဖြင့် ဝယ်ယူသူများကို ဆွဲဆောင်လျက်ရှိသကဲ့သို့ ဈေးနှုန်းနှင့်ဈေးကွက်ရှာဖွေရေးလှုပ်ရှားမှုများလည်းပါဝင်ကြောင်း၊ ယခုနှစ်အတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုအစီးရေ ၁ ဒသမ ၄၅ သန်းရည်မှန်းထားပြီး ပို့ကုန်အတွက် အစီးရေ ၉၅၀,၀၀၀နှင့် ပြည်တွင်းဈေးကွက်အတွက် အစီးရေ ၅၀၀,၀၀၀ ဖြစ်ကြောင်းသိရသည်။

**Source:** www.bangkokpost.com

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (18.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Nov. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,651 (Shares) | 27,578,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,500 | 915 | 7,867,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,550 | 3,600 | 3,550 | 2,561 | 9,191,550 | 38,929,150 | 140,145 |
| MCB | 00003 | 7,500 | -100 | -1.32% | 7,600 | 7,600 | 7,500 | 10 | 75,400 | 10,400,986 | 78,007 |
| FPB | 00004 | 2,050 | -50 | -2.38% | 2,100 | 2,150 | 2,050 | 1,129 | 2,380,650 | 29,664,613 | 60,813 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 444 | 1,287,600 | 12,823,224 | 37,187 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 3,101 | 5,246,700 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | -50 | -1.37% | 3,600 | 3,600 | 3,600 | 4 | 14,400 | 10,497,598 | 37,791 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 487 | 1,515,050 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th Nov. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.74 | -2.59 | -0.65% | 396.96 | 397.21 | 394.91 | 8,651 | 27,578,350 | 8 | 746,442 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 19th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,544 (Shares) | 5,879,850 (MMK) |

| MYANPIX | 394.97 ▼ 0.77 |
|---|---|
| Total Volume (shares) | 1,544 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 744,980 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,550 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 2,100 | ▲ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,600 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |